Mr. Diijon DaCosta, Sr., ဘုတ်အဖွဲ့ ဥက္ကဌ
Mrs. Deirdre P. Pierce, ဒု ဥက္ကဌ
Mrs. Anna Hill
Mrs. Whitney McGinniss
Ms. Allyson Gevertz
Mrs. Vickie B. Turner
Dr. Joyce Morley

Dr. Devon Q. Horton ၊ *ကြီးကြပ်သူဌာနမှူး*

**လက်တလော သတင်းထုတ်ပြန်ချက်**

**ဆက်သွယ်ရန် -**
Donald Porter, *Ed.D.* 678-481-4110
Carla Parker 404-734-1717

အောက်တိုဘာလ 14 ရက်၊ 2024

# အုပ်ချုပ်ရေးပိုင်းနှင့် ကျောင်းသားများ၏ အောင်မြင်မှုအပိုင်းတွင် အကောင်းဆုံး ထူးချွန်မှုအတွက် ချီးမြှင့်သော *အရည်အသွေးပြည့်မီသည့် စာသင်ကျောင်း ဘုတ်အဖွဲ့ (Quality School Board)* ဆုအား GSBA သည် DeKalb ကောင်တီကျောင်းခရိုင်ထံသို့ ချီးမြှင့်ခဲ့

(STONE MOUNTAIN, GA) – ပြီးခဲ့သည့်အပတ်တွင် Georgia စာသင်ကျောင်း ဘုတ်အဖွဲ့များ အစည်းအရုံး (Georgia School Boards Association ၊ *GSBA*) သည် DeKalb ကောင်တီကျောင်းခရိုင်အား ၎င်း၏ အုပ်ချုပ်ရေးပိုင်းနှင့် ခေါင်းဆောင်မှုအပိုင်းတို့တွင် အခြေခံစံသတ်မှတ်ချက်များနှင့်အညီ နှစ်မြှုပ်အားထုတ်လုပ်ဆောင်မှုများအပေါ် အသိအမှတ်ပြုသည့်အနေနှင့်ဌာ *2024 ၏ အရည်အသွေးပြည့်မီသော စာသင်ကျောင်း ဘုတ်အဖွဲ့* ဆုအား ကျောင်းခရိုင်ထံသို့ ချီးမြှင့်ခဲ့ကြောင်း ထုတ်ပြန်ကြေငြာခဲ့ပြီး၊ ခရိုင်၏ ဆက်လက်၍သော ဖွံ့ ဖြိုး၊ တိုးတက်မှုများအတွက် အခြေခံအုတ်မြစ်တစ်ခုအား ခင်းကျင်းပေးခဲ့သည်။ ဤဂုဏ်သိက္ခာရှိလှသော ဂုဏ်ပြုချီးမြှင့်ဆုသည် ဘုတ်အဖွဲ့၏ နှစ်မြှုပ်အားထုတ်ဆောင်ရွက်မှုများကို မီးမောင်းထိုးပြသခဲ့ခြင်းပင် ဖြစ်ပြီး၊ ခရိုင်၏ အဓိကကျသော အုပ်ချုပ်ရေးပိုင်း အလေ့အကျင့်များအား လက်ကိုင်သုံးစွဲမှု နှင့် ကျောင်းသားများ အောင်မြင်စေဖို့ဌာ ၎င်း၏ ခိုင်မာသော ခေါင်းဆောင်မှုအပိုင်း ထည့်ဝင်ဆောင်ရွက်မှုများနှင့်အတူ ပံ့ပိုးထောက်ပံ့ပေးမှုရှိသည့် ပတ်ဝန်းကျင်တစ်ခုအား ဖန်တီးပေးမှုတို့ကို အထူးမြင်သာစေခဲ့သည်။

"ဒီဆုဟာဆိုရင် အကောင်းဆုံးဖြစ်စေဖို့အတွက် အားလုံးရဲ့ ပူးပေါင်းဆောင်ရွက်မှု၊ အားထုတ်လုပ်ကိုင်မှုနဲ့ ဘုံမျှဝေထားတဲ့ ကတိကဝတ်ပြုဆောင်ရွက်မှုတွေရဲ့ စွမ်းအားကို ထင်ဟပ်ပြသနေခြင်းပဲ ဖြစ်ပါတယ်၊" ဟု ဘုတ်အဖွဲ့ ဥက္ကဌဖြစ်သူ Mr. Diijon DaCosta, Sr မှ ပြောကြားခဲ့သည်။ "ခေါင်းဆောင်မှုအပိုင်းဟာဆိုရင် ထိပ်ပိုင်းကနေ စတင်ပါတယ်၊ ဒီတော့ တစ်ပေါင်းတစ်စည်းတည်းရှိတဲ့ ဘုတ်အဖွဲ့ တစ်ဖွဲ့အနေအဖြစ် ကျွန်ုပ်တို့ဟာဆိုရင် — တစ်ဖက်မှာလည်း ကျွန်ုပ်တို့ရဲ့ ရပ်ရွာအဖွဲ့အစည်းနဲ့အတူ အပြန်အလှန် ယုံကြည်အပ်နှံမှုများကို တည်ဆောက်ရင်း တစ်ဖက်မှာလည်း အကောင်းမွန်ဆုံးဖြစ်ပြီး၊ ပွင့်လင်းမြင်သာမှုရှိတဲ့အပြင် တာဝန်ယူ၊တာဝန်ခံမှုရှိတဲ့ ယဉ်ကျေးမှုဓလေ့တစ်ခုကို မောင်းနှင်လည်ပတ်နိုင်ဖို့ဌာ ကျွန်ုပ်တို့ရဲ့ လုပ်ငန်းလုပ်ကိုင်ပုံတွေကို ပြောင်းလဲသွားဖို့ ကတိကဝတ်ပြုထားကြပါတယ်။ ဒီလို အသိအမှတ်ပြုခံရမှုဟာဆိုရင် ပညာရေးပိုင်း ရလဒ်များကို မြှင့်တင်ပေးဖို့အတွက် ကျွန်ုပ်တို့ အားထုတ်လုပ်ဆောင်မှုတွေရဲ့ စွမ်းအားပြင်းတဲ့ သက်ရောက်မှုကို အထူးမြင်သာထင်ရှားစေခြင်းပဲ ဖြစ်ပါတယ်။ နိဂုံးချုပ်ရမယ်ဆိုရင်တော့ ကျွန်ုပ်တို့ရဲ့ ကလေးတွေအတွက် အကောင်းဆုံးဖြစ်မယ့် အရာကို ကျွန်ုပ်တို့ ဆက်လက်အာရုံပြုလုပ်ဆောင်သွားမှာ ဖြစ်ပြီး၊ ကျွန်ုပ်တို့ရဲ့ ခရိုင်တစ်ဝှမ်းက သူတို့လေးတွေရဲ့ အောင်မြင်မှုနဲ့ ဖူလုံပြည့်စုံမှုတွေအတွက် ဆက်လက် သေချာအောင် ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။"

DeKalb ကောင်တီကျောင်းခရိုင်၏ ကြီးကြပ်သူဌာနမှူးဖြစ်သည့် Dr. Devon Q. Horton မှလည်း ၎င်းအချက်အား သဘောတူလက်ခံပေးသည်။

"2024 ရဲ့ အရည်အသွေးပြည့်မီတဲ့ စာသင်ကျောင်း ဘုတ်အဖွဲ့ ဆုကို ရရှိခြင်းဟာဆိုရင် ကျွန်ုပ်တို့ ပညာရေးဘုတ်အဖွဲ့အတွက် သိသာထင်ရှားတဲ့ မှတ်ကျောက်တိုင်တစ်ခုပဲ ဖြစ်ပါတယ်၊" ဟု Dr. Horton မှ ဆိုသည်။ "ဒီအခြင်းအရာဟာဆိုရင် ဒီ DeKalb

ကောင်တီမှာရှိတဲ့ အရည်အသွေးမြင့်မားတဲ့ ပညာရေးကို ထောက်ပံ့ပေးနိုင်ဖို့ လိုအပ်တဲ့အရာများကို ဆောင်ရွက်သွားရန်ဆိုတဲ့ ကျွန်ုပ်တို့ရဲ့ တာဝန်ခံယူချက်နဲ့စပ်လျဉ်းပြီး သိသိသာသာ တိုးတက်၊ သက်ရောက်မှုရှိလာတဲ့ အုပ်ချုပ်ရေးပိုင်းနဲ့ ခေါင်းဆောင်မှုအပိုင်း အခြေခံအုတ်မြစ်များကို မီးမောင်းထိုးပြနေခြင်းပဲ ဖြစ်ပါတယ်။ ဒီမူစည်းမျဉ်းများနဲ့ပတ်သက်ပြီး ကျွန်ုပ်တို့ ဘုတ်အဖွဲ့ ရဲ့ ကတိကဝတ်ပြု လုပ်ဆောင်မှုတွေဟာ ကျွန်ုပ်တို့ ကျောင်းသားတွေနဲ့ ဝန်ထမ်းတွေရဲ့ အောင်မြင်မှုအပေါ် တိုက်ရိုက် သက်ရောက်မှု ရှိနေပါတယ်။ ဒီလို အားထုတ်နစ်မြှုပ်ဆောင်ရွက်မှုရှိကြတဲ့ ကျွမ်းကျင် ပရော်ဖက်ရှင်နယ်အဖွဲ့ နဲ့အတူ တွဲဖက်လုပ်ကိုင်ဆောင်ရွက်ခွင့်ရတဲ့အတွက် ကျွန်ုပ် အရမ်းကို ဂုဏ်ယူမိပါတယ်။"

ဤသို့ အသိအမှတ်ပြုခံရမှု၏ တစ်စိတ်တစ်ပိုင်းအနေနှင့်ဟာ ဒီဇင်ဘာလ၌ Atlanta ရှိ 2024 GSBA/GSSA နှစ်စဉ် ကွန်ဖရန့်ဆွေးနွေးပွဲတွင် GSBA သည် ဆုလက်ခံရရှိသူများအား ဂုဏ်ပြုချီးမြှင့်သွားမည် ဖြစ်ပါသည်။

Georgia ကြီးကြပ်သူဌာနမှူးများနှင့် ဘုတ်အဖွဲ့ဝင်များတို့သည် ပြည်နယ် ဘုတ်အဖွဲ့၏ စံသတ်မှတ်ချက်များအပေါ်အခြေခံကာ စာသင်ကျောင်းဘုတ်အဖွဲ့၏ ထူးချွန်သော ခေါင်းဆောင်မှုအပိုင်းကို ဂုဏ်ပြုဆင်နွှဲဖို့ရန်အတွက် GSBA အုပ်ချုပ်ရေးပိုင်းအဖွဲ့ အသိအမှတ်ပြုရေး ပရိုဂရမ်အစီအစဉ်အား စီမံရေးဆွဲခဲ့သည်။ ၎င်းအား စတင်ဖွဲ့စည်းခဲ့ချိန် 1998 ကတည်းကစတင်၍ ဤအစီအစဉ်သည် အုပ်ချုပ်ရေးပိုင်း အကောင်းဆုံးဖြစ်မှု၏ အမှတ်အသားတစ်ခု ဖြစ်ပြီး၊ Georgia အား ပညာရေးပိုင်း စီမံအုပ်ချုပ်ရေး စံသတ်မှတ်ချက်များနှင့်ပတ်သက်၍ နိုင်ငံ့ခေါင်းဆောင်တစ်ဦးအဖြစ် နေရာတစ်ခုအား ရရှိစေခဲ့သည်။

GSBA ဆုချီးမြှင့်မှုများနှင့် အသိအမှတ်ပြုမှု အစီအစဉ်များတို့နှင့်ပတ်သက်၍ နောက်ထပ်သော အချက်အလက်များ ရယူလိုပါက သို့မဟုတ် ဘုတ်အဖွဲ့ အဆင့်သတ်မှတ်ချက် အလုံးစုံနှင့်ပတ်သက်၍ စံသတ်မှတ်ချက် အပြည့်အစုံအား ကြည့်ရှုလိုပါက ဝက်ဘ်ဆိုဒ်၏ GSBA ဆုချီးမြှင့်မှုများအပိုင်း သို့ ဝင်ရောက်ကြည့်ရှုပေးပါ။

XXX

Robert R. Freeman **စီမံအုပ်ချုပ်မှု ကွန်းပလက်စ်**
1701 Mountain Industrial Blvd. | Stone Mountain, GA 30083
678.676.1200 | www.dekalbschoolsga.org